# ပူးတွဲကြေညာချက်
## ကရင်အမျိုးသား အစည်းအရုံး နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်

၁) နိုင်ငံရေးဆွေးနွေးပွဲကြီး စတင်နိုင်ရေးအတွက် အစိုးရမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်ခဲ့ပါသည်။

၂) ထိုနိုင်ငံရေးဆွေးနွေးပွဲဖြစ်ပေါ်နိုင်ရေးအတွက် KIO မှ ကမကထပြုလုပ်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ ညီလာခံ (Ethnic Armed Groups Conference) သို့ တက်ရောက်ရန် တိုင်းရင်းသား ထိပ်သီးခေါင်းဆောင်များကို ဖိတ်ခေါ်ခဲ့ပါသည်။

၃) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက် တွင် ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ခေါင်းဆောင်များသည် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)ထံ လက်နက်ကိုင်အဖွဲ့များ ပူးပေါင်း ရေးဆွဲထားသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆိုင်ရာမူဘောင်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

၄) ထို့ကြောင့် အဆိုပါ ညီလာခံသို့ KNU နှင့် RCSS ခေါင်းဆောင်များ ပါဝင်တက်ရောက်ခြင်းသည် KIO နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား ထိုနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆိုင်ရာမူဘောင်များကို ပြန်လည်ရှင်းလင်းတင်ပြ၍ နားလည်မှုနှင့် ညီညွတ်ရေးတည်ဆောက်ရန် ဖြစ်ပါသည်။

၅) ဤမူဘောင်တွင် အောက်ပါအချက်များ ပါဝင်ပါသည်။

(က) နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲတွင် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်အမတ်များ၊ ဗမာ့တပ်မတော်၊ အစိုးရ စသည်တို့ ပါဝင်ရမည်။

(ခ) နိုင်ငံရေး ဆွေးနွေးပွဲကို ပူးတွဲစီမံခန့်ခွဲ ရမည်။

(ဂ) ၂၀၁၅ နောက်ပိုင်း နိုင်ငံရေးဆွေးနွေးရေး အာမခံချက်ရှိရမည်။

(ဃ) နိုင်ငံရေး တွေ့ဆုံဆွေးနွေးရာတွင် အခြေခံဥပဒေ၊ အာဏာခွဲဝေမှု၊ လုံခြုံရေး၊ မြေယာ၊ ဝင်ငွေခွဲဝေမှု၊ သယံဇာတ ခွဲဝေမှုစသည့် အရေးကြီးသော အချက်အလက်များပါဝင်ရမည်။

၆) တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးတွင် အောက်ပါအချက်များ ပါဝင်သည်။

(က) လက်မှတ်ရေးထိုးခဲ့ပြီးသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ပြန်လည်အတည်ပြုရန်

(ခ) ပူးတွဲ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ

(ဂ) ပူးတွဲ အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေး

(ဃ) ပူးတွဲ ငြိမ်းချမ်းရေး ကော်မတီ (ဖြစ်ပေါ်လာသော ပြဿနာများကို ဖြေရှင်းရန်)

၇) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး (၂) လအတွင်း နိုင်ငံရေး ဆွေးနွေးရေးမူဘောင်ကို စတင်ဆွေးနွေးရန်နှင့် (၄) လအတွင်း နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲကြီးကို စတင်ရန်။

၈) လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့် လက်နက်ကိုင်အဖွဲ့များကို အဆင်သင့်ဖြစ်သည့်အချိန်တွင် လက်မှတ်ရေးထိုးနိုင်ရမည်။

ယခုညီလာခံကြီးသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲကြီး ဖြစ်ပေါ်ရေးအတွက် အဆုံးအဖြတ် ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

| | |
|---|---|
| စောမူတူးစေးဖိုး | စဝ်ယွက်စစ် |
| ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| ကရင်အမျိုးသားအစည်းအရုံး | သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ |

ဆက်သွယ်ရန်
ကရင်အမျိုးသားအစည်းအရုံး - ပဒို စောကွယ်ထူးဝင်း (ဖုန်း + ၆၆ ၈၁ ၈၈၇၆ ၂၇၉၊ + ၉၅ ၉၄ ၂၂၁၉ ၁၉၄၁)
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ - စိုင်းလောင်(ဂ်)ဆိုင် (ဖုန်း +၆၆ ၈၆ ၉၁၂၄ ၁၀၄၊ + ၉၅ ၉၄ ၁၁၇၄ ၅၆၆)